# ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း .... — | ၄၇ |
| ၂။ | အခန်း (၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် — | ၄၉ |
| ၃။ | အခန်း (၂)<br>ပိုင်နက်ပင်လယ် .... .... | ၅၀ |
| ၄။ | အခန်း (၃)<br>ဆက်စပ်ဇုန် .... .... | ၅၂ |
| ၅။ | အခန်း (၄)<br>ကမ်းလွန်ရေတိမ်ပိုင်း .... .... | ၅၃ |
| ၆။ | အခန်း (၅)<br>သီးသန့်စီးပွားရေးဇုန် .... — | ၅၆ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | **အခန်း (၆)** | |
| | ပြစ်မှုနှင့်ပြစ်ဒဏ်များ .... .... | ၃၈ |
| ၈။ | **အခန်း (၇)** | |
| | အထွေထွေ .... .... | ၃၉ |
| ၉။ | နောက်ဆက်တွဲ | ၆၀ |

# ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ

[၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၃။]

## နိဒါန်း

မြန်မာနိုင်ငံတော်၏ ပိုင်နက်ပင်လယ်သည် ပင်လယ်ဖက်သို့ရေမိုင် တစ်ဆယ့်နှစ်မိုင် အထိ ကျယ်ဝန်းသည်ဟု သတ်မှတ် ကြေညာထားပြီး ဖြစ်သည့်အပြင် မြန်မာနိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ်စောင့် ရှောက်ရန်အလို့ငှာ မြန်မာနိုင်ငံတော်၏ ဆက်စပ်ဇုန်၊ ကမ်းလွန်ရေတိမ် ပိုင်းနှင့် သီးသန့် စီးပွားရေးဇုန်တို့၏ အကျယ်အဝန်းတို့ကို သတ်မှတ် ကြေညာရန်နှင့် ဆက်နွှယ်နေသည့် ကိစ္စရပ်များကိုလည်း ပြဋ္ဌာန်းရန် လိုအပ်ခြင်းကြောင့် ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **မြန်မာနိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ကိုဆိုသည်၊

(ခ) **ဝန်ကြီးအဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံတော်၏ ဝန်ကြီးအဖွဲ့ကို ဆိုသည်၊

(ဂ) **အခြေခံမျဉ်းများ** ဆိုသည်မှာ ဤဥပဒေနောက်ဆက်တွဲတွင် အသေးစိတ် သတ်မှတ် ဖော်ပြထားသည့် အခြေခံမျဉ်းများကို ဆိုသည်။

## အခန်း (၂)

## ပိုင်နက်ပင်လယ်

၃။ မြန်မာနိုင်ငံတော်၏ ပိုင်နက်ပင်လယ်သည် အခြေခံ မျဉ်းများမှ ပင်လယ်ဖက်သို့ ရေမိုင်တစ်ဆယ့်နှစ်မိုင်အထိကျယ်ဝန်းသည်။

၄။ မြန်မာနိုင်ငံတော်၏ အချုပ်အချာအာဏာသည် ပိုင်နက်ပင်လယ်၊ ယင်းအောက်ရှိ ပင်လယ်ကြမ်းပြင်၊ အောက်ခံမြေထုနှင့် ယင်းအထက်ရှိ လေထုအထိ သက်ရောက်သည်။

၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှ စစ်ရေယာဉ်များမှအပ နိုင်ငံအားလုံး၏ ရေယာဉ်များသည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းမဲ့သောဖြတ်သန်းမှုဖြင့် ဖြတ်သန်းခွင့်ရှိသည်။ ဖြတ်သန်းမှုသည် မြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ ငြိမ်ဝပ်ပိပြားရေး၊ သို့မဟုတ် လုံခြုံရေးကို ထိပါးခြင်းမပြုသမျှ အပြစ်ကင်းမဲ့သော ဖြတ်သန်းမှုဖြစ်သည်ဟု မှတ်ယူရမည်။

၆။ ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းနေစဉ် –

(က) မည်သည့်နိုင်ငံခြားရေယာဉ်မဆို မြန်မာနိုင်ငံတော်၏ရှိရင်းစွဲ ဥပဒေများနှင့်နည်းဥပဒေများကိုလိုက်နာရမည်၊

(ခ) နိုင်ငံခြား ငါးဖမ်းရေယာဉ်သည် ငါးဖမ်းပစ္စည်းကိရိယာများကို ပင်လယ်ခရီးထွက်သည့်အခါ သိမ်းဆည်း ထားရှိ

နေကျအတိုင်း စနစ်တကျ ထားရှိရမည်။ သဘာဝဘေး အန္တရာယ်၊ သို့မဟုတ် တားဆီးရှောင်လွဲခြင်း မပြုနိုင်သည့် အကြောင်း ကြောင့်မှတပါး၊ ပိုင်နက် ပင်လယ်အတွင်း ရပ်နားခြင်း၊ ကျောက်ချခြင်းမပြုပဲ အတိုဆုံးလမ်းကြောင်းမှ ဖြတ်သန်းရမည်၊

(ဂ) နိုင်ငံခြား သုတေသန ရေယာဉ်သည် ဝန်ကြီးအဖွဲ့၏ အတိ အလင်းခွင့်ပြုချက်ကို ကြိုတင်မရရှိပဲ သုတေသနလုပ်ငန်းကို မဆောင်ရွက်ရ။

၇။ အပြစ်ကင်းမဲ့သော ဖြတ်သန်းခွင့်အရ ပိုင်နက် ပင်လယ်အတွင်း ဖြတ်သန်းသည့် နိုင်ငံခြားရေယာဉ်သည် မြန်မာနိုင်ငံတော်၏ အခွင့်အာဏာ ရှိသူများက ယင်းသို့ ဖြတ်သန်းခွင့်ရှိကြောင်း ခိုင်လုံသော အထောက် အထားကိုတောင်းဆိုလျှင် တင်ပြရမည်။

၈။ ဝန်ကြီးအဖွဲ့သည် မြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ ငြိမ်ဝပ် ပိပြားရေး၊ သို့မဟုတ် လုံခြုံရေးအတွက် လိုအပ်လျှင် ပိုင်နက်ပင်လယ် အတွင်း သတ်မှတ်သည့် ဒေသများတွင် နိုင်ငံခြားရေယာဉ်များ၏ အပြစ် ကင်းမဲ့သောဖြတ်သန်းမှုကို ခေတ္တရပ်ဆိုင်းထားနိုင်သည်။

၉။ (က) ဝန်ကြီးအဖွဲ့၏ အတိအလင်း ခွင့်ပြုချက်ကို ကြိုတင်မရရှိပဲ မည်သည့်နိုင်ငံခြား စစ်ရေယာဉ်မျှ ပိုင်နက်ပင်လယ်အတွင်း မဖြတ်သန်းရ၊

(ခ) ဝန်ကြီးအဖွဲ့၏ အတိအလင်း ခွင့်ပြုချက်ကို ကြိုတင်မရရှိပဲ ပိုင်နက်ပင်လယ်အတွင်းသို့ ဝင်ရောက်လာသော နိုင်ငံခြား စစ်ရေယာဉ်အား ရောက်ရှိနေသည့်နေရာမှ ချက်ချင်းထွက် ခွာသွားစေရမည်၊

(ဂ) ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းစဉ် နိုင်ငံခြားရေငုပ် ရေယာဉ်နှင့် အခြားရေအောက် ယာဉ်များသည် ပင်လယ် ရေမျက်နှာပြင်ပေါ်တွင် ခုတ်မောင်းရမည့်အပြင် သက်ဆိုင် ရာအလံကို လွှင့်ထူထားရမည်။

# အခန်း (၃)

## ဆက်စပ်ဇုန်

၁၀။ မြန်မာနိုင်ငံတော်၏ ဆက်စပ်ဇုန်သည် ပိုင်နက်ပင်လယ်၏ပြင်ပတွင် တည်ရှိပြီး ယင်းပိုင်နက်ပင်လယ်နှင့် တဆက်တည်းဖြစ်သည်။ယင်းဇုန်သည် အခြေခံ မျဉ်းများမှ ပင်လယ်ဖက်သို့ ရေမိုင် နှစ်ဆယ့်လေးမိုင်အထိ ကျယ်ဝန်းသည်။

၁၁။ မြန်မာနိုင်ငံတော်သည် ဆက်စပ်ဇုန်တွင် အောက်ပါ ကိစ္စရပ်များ နှင့် စပ်လျဉ်း၍ လိုအပ်သည့်ထိန်းချုပ်မှုများကို ကျင့်သုံးပိုင်ခွင့် ရှိသည်—

(က) မြန်မာနိုင်ငံတော်၏ လုံခြုံရေးကို ထိန်းသိမ်း ကာကွယ် ရေး၊

(ခ) ပိုင်နက်နယ်ပယ်၊ သို့မဟုတ် ပိုင်နက်ပင်လယ် အတွင်း မြန်မာနိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ လူဝင်မှု ကြီးကြပ်ရေး၊ သို့မဟုတ် ကျန်းမာသန့်ရှင်းရေး ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်း မပြုရန် ကြိုတင် တားဆီးကာကွယ်ရေးနှင့် ချိုးဖောက်သူတို့အား ဥပဒေ နှင့်အညီ အရေးယူအပြစ်ပေးရေး။

## အခန်း (၄)

## ကမ်းလွန်ရေတိမ်ပိုင်း

၁၂။ မြန်မာနိုင်ငံတော်၏ ကမ်းလွန်ရေတိမ်ပိုင်းသည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ကုန်းပိုင်နက်နှင့် သဘာဝအလျောက် တဆက်တည်း ဖြစ်သည့် ကမ်းလွန်မြေဆက်၏ ပြင်ပအနားမျဉ်းအထိ တည်ရှိသော ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတို့ပါဝင်သည်။ သို့ရာတွင်ကမ်းလွန် မြေဆက်၏ ပြင်ပအနားမျဉ်းအထိ အကျယ်အဝန်းသည် ရေမိုင် နှစ်ရာ အောက် လျော့နည်းပါက အခြေခံမျဉ်းများမှ ပင်လယ်ဖက်သို့ ရေမိုင် နှစ်ရာအထိ အကျယ်အဝန်းသည် မြန်မာနိုင်ငံတော်၏ ကမ်းလွန် ရေတိမ် ပိုင်းဖြစ်သည်။

၁၃။ မြန်မာနိုင်ငံတော်သည် ကမ်းလွန်ရေတိမ်ပိုင်းတွင် သီးသန့်အချုပ်အချာလုပ်ပိုင်ခွင့်များကို ကျင့်သုံးသည်။

၁၄။ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များကိုမထိခိုက်စေပဲ ကမ်းလွန်ရေတိမ် ပိုင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်တွင် အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများရှိသည်—

(က) သက်ရှိ၊ သက်မဲ့သယံဇာတပစ္စည်းများကိုစူးစမ်းရှာဖွေရေး၊ ဖမ်းယူရေး၊တူးဖော်ထုတ်လုပ်ရေး၊မွေးမြူရေး၊ ထိန်းသိမ်း

ရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် အချုပ်အချာ လုပ်ပိုင်ခွင့်များ၊

(ခ) သက်ရှိ၊ သက်မဲ့သယံဇာတ ပစ္စည်းများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေးနှင့် တူးဖော်ထုတ်လုပ်ရေး အတွက်ဖြစ်စေ၊ ရေယာဉ်များ လွယ်ကူစွာ သွားလာနိုင်ရေးအတွက်ဖြစ်စေ၊ အခြားကိစ္စရပ်အတွက် ဖြစ်စေ လူသားတို့ ဖန်တီးသော ကျွန်းများ၊ ကမ်းလွန်စခန်းများ၊ အဆောက်အဦများနှင့် အခြားပစ္စည်းကိရိယာများကိုတည်ဆောက်ရေး၊ ထိန်းသိမ်းရေးနှင့် အသုံးပြုရေးတို့အတွက် သီးသန့်လုပ်ပိုင်ခွင့်နှင့် သီးသန့်အခွင့်အာဏာများ၊

(ဂ) သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ပိုင်ခွင့်ပေးရေး၊ ကြီးကြပ်ကွပ်ကဲရေးနှင့် ထိန်းချုပ်ရေးတို့ အတွက် သီးသန့်အခွင့်အာဏာများ၊

(ဃ) အဏ္ဏဝါ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးနှင့် အဏ္ဏဝါ ညစ်ညမ်းမှုကို တားဆီးရေး၊ ထိန်းချုပ်ရေးတို့အတွက် သီးသန့်အခွင့်အာဏာများ၊

(င) အပြည်ပြည်ဆိုင်ရာ ဥပဒေက အခါအားလျော်စွာ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များ။

၁၅။ (က) ကမ်းလွန်ရေတိမ်ပိုင်း၏ သက်ရှိ သယံဇာတ ပစ္စည်းများတွင် ပင်လယ်အောက်ခြေတနေရာတည်း၌ အတည်တကျပေါက်ပွားလေ့ရှိသော အပင်နှင့် သတ္တဝါများ ပါဝင်သည်။ သတ္တဝါများဆိုရာတွင် ယင်းတို့ကို ဖမ်းယူသင့်သည့်အချိန်၊ ဖမ်းယူသင့်သည့်အရွယ်၌ ပင်လယ်ကြမ်းပြင်ပေါ်တွင်ဖြစ်စေ၊ ပင်လယ်ကြမ်းပြင်အောက်တွင် ဖြစ်စေ မရွေ့လျားနိုင်သော၊ သို့မဟုတ် ပင်လယ်ကြမ်းပြင်နှင့်ဖြစ်

စေ၊ အောက်ခံမြေထုနှင့်ဖြစ်စေ ထာဝစဉ် ထိတွေ့နေမှသာလျှင် ရွေ့လျားနိုင်သော သတ္တဝါများ ဖြစ်သည်၊

( ခ ) ပင်လယ်သတ္တဝါတမျိုးမျိုးသည် ကမ်းလွန် ရေတိမ်ပိုင်း၏ သယံဇာတပစ္စည်းဖြစ်သည်ဟု ဝန်ကြီးအဖွဲ့က ယူဆလျှင် ယင်းသတ္တဝါမျိုးကို ကမ်းလွန် ရေတိမ်ပိုင်း၏ သက်ရှိ သယံဇာတပစ္စည်းအဖြစ် နိုင်ငံတော်ပြန်တမ်းတွင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကြေညာနိုင်သည်။

၁၆။ ဝန်ကြီးအဖွဲ့၏ အတိအလင်း ခွင့်ပြုချက်ကို ကြိုတင်မရရှိပဲ ကမ်းလွန်ရေတိမ်ပိုင်းတွင် မည်သူမျှအောက်ပါတို့ကို မပြုလုပ်ရ—

( က ) စူးစမ်းရှာဖွေခြင်း၊

( ခ ) သက်ရှိ၊ သက်မဲ့ သယံဇာတ ပစ္စည်းများကို ဖမ်းယူခြင်း၊ တူးဖော် ထုတ်လုပ်ခြင်း၊

( ဂ ) သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊

( ဃ ) ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ တွင်းတူးခြင်း၊

( င ) လူသားတို့ ဖန်တီးသောကျွန်းများ၊ ကမ်းလွန်စခန်းများ၊ အဆောက်အဦ များနှင့် အခြား ပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်း။

# အခန်း (၅)

## သီးသန့်စီးပွားရေးဇုန်

၁၇။ မြန်မာနိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ယင်းပိုင်နက်ပင်လယ်နှင့် တဆက်တည်းဖြစ်သည်။ ယင်းဇုန်သည် အခြေခံမျဉ်းများမှ ပင်လယ်ဖက်သို့ ရေမိုင် နှစ်ရာအထိ ကျယ်ဝန်းသည်။

၁၈။ သီးသန့် စီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်တွင် အောက်ပါ လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများရှိသည်—

(က) သက်ရှိ၊သက်မဲ့ သယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေး၊ တူးဖော်ထုတ်လုပ်ရေး၊ မွေးမြူရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး၊ ရေနှင့်လေတို့မှစွမ်းအင် ထုတ်လုပ်ရေး အတွက် အချုပ်အချာ လုပ်ပိုင်ခွင့်များ၊

(ခ) သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေးနှင့် တူးဖော်ထုတ်လုပ်ရေးအတွက် ဖြစ်စေ၊ ရေယာဉ်များလွယ်ကူစွာ သွားလာနိုင်ရေး အတွက် ဖြစ်စေ၊ အခြားကိစ္စရပ် အတွက် ဖြစ်စေ လူသားတို့ဖန်တီးသော ကျွန်းများ၊ ကမ်းလွန်စခန်းများ၊ အဆောက်

အဦမျာနှင့် အခြားပစ္စည်းကိရိယာများကိုတည်ဆောက်ရေး၊ ထိန်းသိမ်းရေးနှင့် အသုံးပြုရေးတို့အတွက် သီးသန့်လုပ်ပိုင်ခွင့်နှင့် သီးသန့်အခွင့်အာဏာများ၊

(ဂ) သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ပိုင်ခွင့် ပေးရေး၊ ကြီးကြပ်ကွပ်ကဲရေးနှင့် ထိန်းချုပ်ရေး အတွက် သီးသန့်အခွင့်အာဏာများ၊

(ဃ) အဏ္ဏဝါ ပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရေးနှင့် အဏ္ဏဝါညစ်ညမ်းမှုကိုတားဆီးရေး၊ ထိန်းချုပ်ရေး တို့အတွက် သီးသန့်အခွင့်အာဏာများ၊

(င) အပြည်ပြည်ဆိုင်ရာ ဥပဒေက အခါအားလျော်စွာ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များ။

၁၉။ မြန်မာနိုင်ငံတော်၏ လုပ်ပိုင်ခွင့်များကို မထိခိုက်သမျှ—

(က) သီးသန့်စီးပွားရေးဇုန်အတွင်း နိုင်ငံအားလုံး၏ ရေယာဉ်များသည် လွတ်လပ်စွာဖြတ်သန်းခွင့်ရှိသည်၊

(ခ) ယင်းဇုန်အထက်ရှိလေထုအတွင်းနိုင်ငံအားလုံး၏လေယာဉ်များသည် လွတ်လပ်စွာ ပျံသန်းခွင့်ရှိသည်။

၂၀။ ဝန်ကြီးအဖွဲ့၏ အတိအလင်း ခွင့်ပြုချက်ကို ကြိုတင်မရရှိပဲသီးသန့်စီးပွားရေးဇုန်အတွင်း မည်သူမျှစူးစမ်းရှာဖွေခြင်း၊ ဖမ်းယူခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ သို့မဟုတ် သုတေသနပြုလုပ်ခြင်းတို့ကို မဆောင်ရွက်ရ။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဥပဒေနှင့်အညီမြန်မာနိုင်ငံသားတဦး၏ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် မသက်ဆိုင်စေရ။

## အခန်း (၆)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၁။ မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက် တရပ်ရပ်ကို ဖြစ်စေ၊ ဤဥပဒေနှင့်အညီ ပြဋ္ဌာန်းသော နည်းဥပဒေတရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖောက်ဖျက် ကျူးလွန်ရန် အားထုတ်ခြင်း၊ သို့မဟုတ် အားပေးကူညီခြင်း ပြုလုပ်လျှင် ယင်းအား တရားစွဲဆို၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက ထောင်ဒဏ် ၁၀ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အခြားရှိရင်းစွဲ ဥပဒေတရပ်ရပ်အရ အရေးယူပိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။

၂၂။ ပုဒ်မ ၂၁ တွင် ဖော်ပြပါရှိသော ပြစ်မှု၌အကျုံးဝင်သော ရေယာဉ်များအနက် စစ်ရေယာဉ်မအပ မည်သည့်ရေယာဉ်ကိုမဆို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံစေရမည်။ ရေယာဉ်တွင်တပ်ဆင်ထားသောကိရိယာ တန်ဆာပလာများ၊ ရေယာဉ်ပေါ်ရှိပစ္စည်းများအားလုံးကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံစေရမည်။

၂၃။ ဝန်ကြီးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိပဲ ဤဥပဒေအရတရားစွဲဆိုခြင်း မပြုရ။

# အခန်း (၇)

## အထွေထွေ

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဝန်ကြီးအဖွဲ့သည် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

၂၅။ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်း၊ သို့မဟုတ် သီးသန့်စီးပွားရေးဇုန်အတွင်း ကျူးလွန်သည့် ပြစ်မှုအတွက် ပြစ်မှုကျူးလွန်သူအား အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်အညီ မြန်မာနိုင်ငံတော်က ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခွင့်ကို ဤဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ တားမြစ်ပိတ်ပင်ခြင်းမရှိစေရ။

# နောက်ဆက်တွဲ

၁။ ကျိုဥပဒေပါ ကိစ္စရပ်များအလို့ငှာ မြန်မာနိုင်ငံတော်၏ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန်တို့ကိုသတ်မှတ်ရာ၌ မြန်မာနိုင်ငံတော်က အသိအမှတ်ပြုထားသည့်စကေးကြီးမြေပုံများတွင် မှတ်သား ဖော်ပြထားသည့် ရေစစ်မျဉ်းများသည် အခြေခံမျဉ်းများဖြစ်ရမည်။

၂။ သို့ရာတွင် မြန်မာနိုင်ငံတော် ပင်လယ်ကမ်းရိုးတန်းများ၏ ပထဝီအနေအထားအရလည်းကောင်း၊ ပင်လယ်ကမ်းခြေဒေသများ၏ စီးပွားရေး လိုအပ်ချက်အရလည်းကောင်း ပင်မကုန်းမြေပေါ်တွင်ဖြစ်စေ၊ ကျွန်းများပေါ်တွင်ဖြစ်စေ၊ ကျောက်ဆောင်များပေါ်တွင်ဖြစ်စေ ရှိသည့်ပုံသေသတ်မှတ်ထားသော နေရာများကို ဆက်စပ်၍ အခြေခံမျဉ်းဖြောင့်များရေးဆွဲထားလျှင် ယင်းအခြေခံမျဉ်းဖြောင့်များမှတိုင်းတာရမည်။ အခြေခံမျဉ်းဖြောင့်များရေးဆွဲရေးအတွက် ပုံသေသတ်မှတ်ထားသောတည်နေရာများကို အောက်တွင် ဖော်ပြထားသည်။

## ဇယား

၁။ ရခိုင်ကမ်းရိုးတန်း

| | | |
|---|---|---|
| (က) မေယုကျွန်း၏ တောင်ဖက်စွန်း (Southern Point of MAYU ISLAND) | မြောက်လတ္တီတွဒ် | ၂၀° ၁၁′ ၄၉″ |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° ၃၂′ ၁၉″ |
| (ခ) ဖရုံဂါကျွန်း (သို့မဟုတ်) မြင်းကွန်းကျွန်းအငူ (BORONGA POINT) | မြောက်လတ္တီတွဒ် | ၁၉° ၄၇′ ၃၀″ |
| | အရှေ့လောင်ဂျီတွဒ် | ၉၃° ၀၁′ ၄၂″ |

| | | |
|---|---|---|
| (ဂ) | တောင်သန္တာ<br>(SOUTH TERRIBLES) | မြောက် ၁၉° ၂၂′ ၅၆″<br>လတ္တီတွဒ်<br>အရှေ့ ၉၃° ၁၆′ ၂၀″<br>လောင်ဂျီတွဒ် |
| (ဃ) | ဂမ္ဘီမကျောက်တန်း၏<br>အနောက်ဖက်စွန်း<br>(Western Point of<br>HENRY ROCKS) | မြောက် ၁၈° ၅၁′ ၄၈″<br>လတ္တီတွဒ်<br>အရှေ့ ၉၃° ၂၆′ ၁၅″<br>လောင်ဂျီတွဒ် |
| (င) | အုန်းတပင်ကျွန်း၏<br>အနောက်ဖက်စွန်း<br>(Western Point of<br>NERBUDDA ISLAND) | မြောက် ၁၈° ၂၀′ ၅၀<br>လတ္တီတွဒ်<br>အရှေ့ ၉၃° ၅၆′ ၂၅″<br>လောင်ဂျီတွဒ် |
| (စ) | ကျောက်လက်ဝါးကျောက်စု<br>(ST. JOHN'S or<br>CHURCH ROCKS) | မြောက် ၁၇° ၂၇′ ၃၉″<br>လတ္တီတွဒ်<br>အရှေ့ ၉၄° ၁၉′ ၄၆″<br>လောင်ဂျီတွဒ် |
| (ဆ) | ငှက်တောင်အနောက်<br>မြောက်ကျွန်း<br>(NORTH WEST<br>GROUP) | မြောက် ၁၆° ၅၅′ ၂၈″<br>လတ္တီတွဒ်<br>အရှေ့ ၉၄° ၁၂′ ၄၅″<br>လောင်ဂျီတွဒ် |
| (ဇ) | ကိုရင်ကြီးကျွန်း<br>(KORONGE ISLAND) | မြောက် ၁၆° ၃၁′ ၂၀″<br>လတ္တီတွဒ်<br>အရှေ့ ၉၄° ၁၄′ ၂၁″<br>လောင်ဂျီတွဒ် |
| (ဈ) | ဆောက်(သ်)ရော့(ခ်)<br>(SOUTH ROCK) | မြောက် ၁၆° ၁၈′ ၅၅″<br>လတ္တီတွဒ်<br>အရှေ့ ၉၄° ၁၁′ ၂၀″<br>လောင်ဂျီတွဒ် |

| | |
|---|---|
| (ည) ဘလက်ပရော့(ခ်)<br>(BLACK ROCK) | မြောက် ၁၆° ၁၀′ ၅၀″<br>လတ္တီတွဒ်<br>အရှေ့ ၉၄° ၁၀′ ၅၀″<br>လောင်ဂျီတွဒ် |
| (ဋ) အာ(လ်)ဂူအာဒါကျောက်တန်း<br>(ပုသိမ်မီးပြတိုက်)<br>**ALGUADA REEF**<br>**(PATHEIN LIGHT)** | မြောက် ၁၅° ၄၂′ ၁၃″<br>လတ္တီတွဒ်<br>အရှေ့ ၉၄° ၁၂′ ၀၆″<br>လောင်ဂျီတွဒ် |

**၂။ မုတ္တမပင်လယ်ကွေ့**

| | |
|---|---|
| (က) အာ(လ်)ဂူအာဒါကျောက်တန်း<br>(ပုသိမ်မီးပြတိုက်)<br>**ALGUADA REEF**<br>**(PATHEIN LIGHT)** | မြောက် ၁၅° ၄၂′ ၁၃″<br>လတ္တီတွဒ်<br>အရှေ့ ၉၄° ၁၂′ ၀၆″<br>လောင်ဂျီတွဒ် |
| (ခ) ဟိန်းဇယ်ဘုတ်ကျွန်း၏<br>အနောက်ဖက်စွန်း<br>**(Western Point of**<br>**LONG ISLAND)** | မြောက် ၁၄° ၂၄′ ၁၅″<br>လတ္တီတွဒ်<br>အရှေ့ ၉၇° ၄၆′ ၀၂″<br>လောင်ဂျီတွဒ် |

**၃။ တနင်္သာရီကမ်းရိုးတန်း**

| | |
|---|---|
| (က) ဟိန်းဇယ်ဘုတ်ကျွန်း၏<br>အနောက်ဖက်စွန်း<br>**(Western Point of**<br>**LONG ISLAND)** | မြောက် ၁၄° ၂၄′ ၁၅″<br>လတ္တီတွဒ်<br>အရှေ့ ၉၇° ၄၆′ ၀၂″<br>လောင်ဂျီတွဒ် |
| (ခ) မောင်းမကန်ဘုတ် မြောက်ကျွန်း<br>**(NORTH ISLAND)** | မြောက် ၁၄° ၀၉′ ၀၀″<br>လတ္တီတွဒ်<br>အရှေ့ ၉၇° ၄၆′ ၅၄″<br>လောင်ဂျီတွဒ် |

| | | | |
|---|---|---|---|
| (ဂ) | အနောက်ကင်နစ္စတာကျွန်း (WEST CANISTER ISLAND) | မြောက်လတ္တီတွဒ် | ၁၂° ၄၁′ ၃၀″ |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၃′ ၄၀″ |
| (ဃ) | ဆောရင်းကျွန်း၏ မြောက်ဖက်စွန်း (Northern Point of SAURIM ISLAND) | မြောက်လတ္တီတွဒ် | ၁၂° ၃၀′ ၃၀″ |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၇′ ၄၂″ |
| (င) | ပရင်ဆက်ကျွန်း၏အနောက်ဖက်စွန်း (Western Point of H. PRINCEP ISLAND) | မြောက်လတ္တီတွဒ် | ၁၂° ၀၃′ ၀၃″ |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၃၈′ ၀၀″ |
| (စ) | ဂရိတ် ဝက်စတင်း တောရက်(စ်)ကျွန်း (GREAT WESTERN TORRES) | မြောက်လတ္တီတွဒ် | ၁၁° ၄၇′ ၁၅″ |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၂၆′ ၁၅″ |
| (ဆ) | နော့(သ်)တွင်းကျွန်း၏ အနောက်မြောက်ဖက်စွန်း (North Western Point of NORTH TWIN) | မြောက်လတ္တီတွဒ် | ၁၀° ၃၈′ ၁၅″ |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၁′ ၄၅″ |
| (ဇ) | ဆောက်(သ်)တွင်းကျွန်း၏ အနောက်ဖက်စွန်း (Western Point of SOUTH TWIN) | မြောက်လတ္တီတွဒ် | ၁၀° ၂၈′ ၁၂″ |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၀′ ၄၅″ |
| (ဈ) | အနောက်ရော့ကီးကျွန်း (WESTERN ROCKY ISLAND) | မြောက်လတ္တီတွဒ် | ၀၉° ၅၁′ ၂၄″ |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၅၂′ ၁၈″ |

| | | | |
|---|---|---|---|
| (ည) | မြင်းသည်ကျွန်း<br>**(HAYCOCK ISLAND)** | မြောက်<br>လတ္တီတွဒ် | ၀၉° ၄၀′ ၄၅″ |
| | | အရှေ့<br>လောင်ဂျီတွဒ် | ၉၇° ၅၄′ ၃၀″ |
| (ဋ) | မာရေးကျွန်း၏ အနောက်<br>ဖက်စွန်း<br>(Western Point of<br>MURRAY ISLAND) | မြောက်<br>လတ္တီတွဒ် | ၀၉° ၃၅′ ၅၄″ |
| | | အရှေ့<br>လောင်ဂျီတွဒ် | ၉၇° ၅၀′ ၁၂″ |